ဦးနှောင်းကုန်းကျေးရွာ

စစ်ကိုင်းခရိုင်၊မြင်းမူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဦးနှောင်းကုန်းကျေးရွာ၊မြင်းမူမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်

## မာတိကာ

**ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**


၁။ တည်နေရာနှင့်ပထဝီအနေအထား

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


**နောက်ဆက်တွဲ**


ဖွံ့ဖြိုးရေးဗျူဟာတည်မှုဆိုင်ရာအခြေပြဇယား

## ၁။ တည်နေရာနှင့်ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၇၀)စု နှင့် ကျား(၁၁၁)၊ မ(၁၄၀)ဦးဖြင့် လူဦးရေပေါင်း(၂၅၃)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦး ထက်လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ် သည် ကျေးရွာရှိလူဦးရေအားလုံးတို့၏ (၇၅%)ရှိပါသည်။ဦးနှောင်းကုန်းကျေးရွာသည် မြေပြန့် လွင်ပြင်ဖြစ်ပြီးမြင်းမူမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ မြောက်ဘက်တွင် လက်ထုတ္တောကျေးရွာ၊ တောင်ဘက်တွင်မကျီးစု၊ အရှေ့ဘက်တွင်ကုလားပျံကျေးရွာအုပ်စုကျေးရွာ များရှိပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ယာမြေ၊ဥယျာဉ်ခြံမြေနှင့် ကိုင်းကျွန်း မြေများရှိပြီး၊ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် မိုးရေများမှသာ စိုက်ပျိုးရေးကိုအလုံအလောက်ရရှိစိုက်ပျိုးနိုင်ပါ သည်။ မြို့နယ်သည် အပူပိုင်း ဒေသတွင်ပါဝင်ပြီး မိုးရေချိန် ၄၀လက်မအောက်သာ ရှိပါသည်။ နွေရာသီအချိန်အခါ၌ အလွန်ပူပြင်းခြောက်သွေ့သောရာသီဥတုမျိုးဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ကျေးရွာတွင် အမျိုးသားအဖွဲ့၊ အမျိုး သမီးအဖွဲ့၊ ပရဟိတကျန်းမာရေးနှင့်လူမှုရေးအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ ၊ကျေးရွာမီးလင်ရေးကော်မတီ နှင့် စားနပ်ရိက္ခာအဖွဲ့များရှိပါသည်။ အမျိုးသား၊အမျိုးသမီးများ ပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာ ၏ သာရေး၊ နာရေး၊ လူမှုရေး၊ဘာသာရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တက်ညီလက်ညီ လုပ်ဆောင်နေကြပါသည်။ ပရဟိတအဖွဲ့များကိုလည်း ကျေးရွာမှ လူကြီးအချို့ဦးဆောင်

ပြီးလူငယ် လူရွယ်များပါဝင် ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များကို ဆောင်ရွက် လျှက်ရှိကြသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး ၏ (၂၈)ရာခိုင်နှုန်းသည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် သတ်မှတ်ကြပြီး (၂၇)ရာခိုင်နှုန်းသည် ချမ်းသာသည့်အဆင့်၊(၄၄)ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြပါသည်။ ကျေးရွာတွင် ယာမြေ(၃၁၂)ဧက၊ ဥယျာဉ်ခြံမြေ(၁.၅)ဧက၊ စုစုပေါင်း(၃၁၃.၅)ဧကရှိပြီး မြေဆီ မြေသြဇာများ ယေဘူယျအားဖြင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေကို အဓိကအားဖြင့်မိုးရေကိုသာအဓိကထားစိုက်ပျိုးကြပါသည်။ လုံလောက်မှုမရှိပါ။ ကျေးရွာတွင်အဓိကအားဖြင့် နှမ်း၊မြေပဲ၊ပဲဇင်းငုံတို့ကိုစိုက်ပျိုးကြပါသည်။ တစ်ချို့အိမ်ထောင်စုများမှာ လျှော်ဖြူတို့ကိုစိုက်ပျိုးကြပါသည်။ ပျမ်းမျှအားဖြင့် ထွက်နှုန်းအသင့်အတင့်ရှိပါသည်။ နှမ်း(၁)ဧက(၆)တင်း၊မြေပဲ(၁)ဧက(၂၅)တင်းတို့ထွက်ရှိပါသည်။ လယ်ယာသုံးကိရိယာအသုံးပြုမှုအနေဖြင့် ထွန်စက် (၁၀) စီး၊ လက်တွန်း ထွန်စက်(၁)စီး၊ ရိပ်သိမ်းချွေလှေ့စက်(၁)စီး၊ ချွေလှေ့စက်(၂)စီး၊ မြက်ရိပ်စက်(၃)စီးထော်လာဂျီ(၃)စီး၊နွားလှည်း(၂၀)စီးနှင့် ရေစုပ်စက်(၈)လုံးရှိပါသည်။ ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် တစ်နာရီ ထွန်ယက်ခ တစ်ဧကကာလပေါက်ဈေး၂၅၀၀၀/-ကျပ်ဝန်းကျင်ပေးငှား ရပါသည်။

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း(၈၀)ပြား၊ တစ်ဧကလျှင်(၁၀၀၀၀၀)ကျပ်နှုန်းဖြင့် တောင်သူတစ်ဦးလျှင် အများဆုံး(၁၀)ဧကအတွက်အတွက် ချေးယူနိုင်ကြသည်။ မွေးမြူရေးအနေဖြင့် နွားများကို လယ်ယာလုပ်ငန်းတွင် အဓိကထားမွေးမြူ ကြပြီး သိုး၊ ဆိတ် ၊ဝက်များလည်း တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။မြင်း၊ကြက်၊ဘဲများကိုမွေးမြူမှုနည်းပါးပါသည်။

အိမ်ထောင်စုအချို့မှာ လည်း ကျပန်းလက်လုပ်လက်စား၊ လက်သမား၊ ပန်းရံ၊ အိမ်ဈေးဆိုင် စသောအသေးစားအိမ်တွင်းလုပ်ငန်းများကိုလည်းပါဝင်ဆောင်ရွက်ကျသည်။

## ၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ဦးနှောင်းကုန်းကျေးရွာသို့ သွားရောက်သောလမ်းမှာ မြေသားလမ်းဖြစ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ ကုန်သွယ်မှုနှင့်လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၆၀)စီး၊ စက်ဘီး(၁)စီး၊ထော်လာဂျီ(၃)စီးနှင့်နွားလှည်း(၂၀)စီးတို့ကိုအသုံးပြုနေကျပါသည်။ အိမ်တိုင်းနီးပါး မှ လက်ကိုင်ဖုန်းအသုံးပြု နေကြပြီဖြစ်ပါသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့် အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက် များအတွက် ချိတ်ဆက် အသုံးပြုနိုင် သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦးလည်း မရှိသေးပါ။

## ၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်းတွေ့ရှိရသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး စာမတတ်သူ ရာခိုင်နှုန်း သည်( ၃ )ရာခိုင်နှုန်းသာ ရှိပါသည်။ လူဦးရေ၏ ထက်ဝက်ကျော်(၈၇)ရာခိုင်နှုန်းသည် အခြေခံမူလတန်း ပညာပြီးမြောက်သူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် မူလတန်း ကျောင်းအဆင့်ရှိပါသည်။ ဆရာ/ဆရာမ အစိုးရခန့်(၅)ဦးရှိပါသည်။ ကျောင်းသား ဦးရေနှင့် တွက်ဆလျှင် လုံလောက်ပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းကို (၆၀ )ပေ၊ (၃၀)ပေ၊ နံကပ်ဆောင်(၁)ဆောင်နှင့်ဆရာမနားနေဆောင်(၁)ဆောင်ရှိပါသည်။ကျောင်းဥပဓိရုပ်သည် အသင့် အတင့် ကောင်းမွန်ပါသည်။အလယ်တန်း၊အထက်တန်းပညာတို့အတွက် လက်ထုတ္တောကျေးရွာ သို့ လည်းကောင်း၊ မြင်းမူမြို့သို့လည်းကောင်း သွားရောက်တက်ရောက်ကြပါသည်။ ကျေးရွာ၏ ကျောင်းတက်နှုန်းသည်လည်း ကောင်းမွန်ပါ သည်။ ရာနှုန်းပြည့်နီးပါးသည် မူလတန်း နှင့်အလယ်တန်းပညာတက်ရောက် ပညာသင်ကြား နေပါသည်။ အထက်တန်းနှင့်တက္ကသိုလ်ပညာ တတ်ရောက်မှုသည် လျော့နည်းပါသည်။ မူလတန်းနှင့် အလယ်တန်းပညာ တက်ရောက်ပြီးလျှင်

ကျောင်းထွက်ပြီး မိသားစုလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြသူများလည်းရှိပါသည်။ အထက်တန်းပညာတက်ရောက်မှုနည်းပါးသည်။

## ၇။ ကျန်းမာရေး

ကျေးရွာတွင်အသင့်အတင့်အဖြစ်များသော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျှော၊ ဆီးချို၊တီဘီနှင့် ရာသီကူးပြောင်းချိန်တွင် ဖြစ်တက်သော နှာစေးချောင်းဆိုးလောက်သာဖြစ်ပွားကြပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များကာကွယ်ဆေးပုံမှန် လာရောက်ထိုးနှံမှုရှိပါသည်။ ကျေးရွာသူ/သားများ အအခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာမှ(၂)မိုင်ကျော်ခန့် အကွာရှိကုလားပျံကျေးရွာ သို့သွားရောက်ကုသရပြီး ကားလမ်းဖြင့်သွားလာရသော မြို့နယ် ဆေးရုံများနှင့်လည်း အသင့်အတင့်လက်လှမ်းမှီပါသည်။ ကျေးရွာတွင် ကျေးလက် ဆေးပေးခန်းမရှိသဖြင့် ကျေးရွာအတွက်အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက်ဆေးပေးခန်းတစ်ခုရရှိရေး လိုလားနေကျပါသည်။ ကျေးရွာတွင်အဝီစိတွင်းများမှ မြေအောက်ရေကိုအလွယ်တကူလုံလောက်စွာရရှိပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲမှုမှာ (၄၀)ရာခိုင်နှုန်းသာသုံးစွဲကျသဖြင့် ရေကြောင့်ရောဂါဖြစ်ပွားနိုင်သည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန်လွယ်ကူသည်။

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည်သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေသည်နည်းပါးပါသည်။မိုးခေါင်ချိန်တွင် အလုပ်အကိုင်ရှားပါးပြီး၊မြေယာမဲ့တောင်သူများနှင့်လက်လုပ်လက်စားများအလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းပါးခြင်းများကြုံတွေ့ရပါသည်။

## ၉။ ကျား–မ ရေးရာ


ကျေးရွာတွင် ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင်

အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။အုပ်ချုပ်ရေးအသင်းအဖွဲ့ အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။

**၁၀။ ကျေးရွာမှရွေးချယ်ထားသောဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ**


| **စဉ်** | **ကဏ္ဍ** | **ဦးစားပေးစီမံချက်** | **ဦးစားပေးအဆင့်** |
|---|---|---|---|
| ၁ | မီးလင်းရေး | ကျေးရွာတွင်း၀.၄လိုင်းသွယ်တန်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | ရွာလယ်ခန်းမတည်ဆောက်ခြင်း | ၂ |
| ၃ | ရေနှင့်သန့်ရှင်းရေး | ရေပိုက်လိုင်း(ရေပေးဝေရေးစနစ်) | ၃ |
| ၄ | လမ်းပန်းဆက်သွယ်ရေး | ရွာတွင်းလမ်းခင်းခြင်း | ၄ |
| ၅ | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်း | ၅ |

ဦးဈောင်းကုန်းကျေးရွာ အဖွဲ့အစည်း ချိတ်ဆက်မှုပုံစံများ




ဦးနောင်ကုန်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

နေ့စွဲ - 6.11.2021

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  | | | | | | | | | | | |
| အလုပ်အကိုင် |  | | | | | | | | | | - | - |
| ကျပန်းမိသားစုဝင်ငွေရရှိမှု | - | နည်း | နည်း | နည်း | များ | - | များ | များ | များ | များ | - | - |
| အသုံးစရိတ် | နည်း | နည်း | နည်း | များ | - | များ | များ | - | - | - | - | - |
| ချေးငွေလိုအပ်မှု | - | - | $$ | $ | - | - | $$ | $$ | - | - | - | - |
| သောက်သုံးရေရရှိမှု |  | | | | | | | | | | | |
| တိရစ္ဆာန်အစာရရှိမှု |  | | | | | | | | | | - | - |
| တိရစ္ဆာန်ရောဂါကျရောက်မှု | များ | နည်း | နည်း | နည်း | နည်း | များ | နည်း | နည်း | နည်း | များ | များ | နည်း |
| ကျန်းမာရေးအခြေအနေ | - | - | - | ဆိုး | ဆိုး | - | - | - | ဆိုး | - | - | ဆိုး |
| သီးနှံရောဂါပိုးကျရောက်မှု | - | - | - |  | - | | - | | - | - | - | - |
| ပွဲတော် |  | - | | - | - | - | | - | - | | - | - |
| သဘာဝဘေးအန္တရာယ် | နည်း | - | - | - | - | - | - | - | - | - | - | များ |
| ဝမ်းစာရှားပါးမှု | - | - | - | - | - | - | $$ | $$ | $$ | $$ | $$ | $$ |

ဦးနှောင်ကုန်းကျေးရွာ



# အိမ်ထောင်စုရေအခန်းသတ်မှတ်ခြင်း

| စဉ် | အိမ်ထောင်ဦးစီးအမည် | အခန်း | စဉ် | အိမ်ထောင်ဦးစီးအမည် | အခန်း |
|---|---|---|---|---|---|
| ၁။ | ဦးငြိမ်းအောင် | ၂ | ၃၃။ | ဦးချစ်ဖြား | ၄ |
| ၂။ | ဒေါ်မြသန်း | ၃ | ၃၄။ | ဦးတင်မောင် | ၄ |
| ၃။ | ဦးကျော်ငြိမ်း | ၂ | ၃၅။ | ဦးရွှေဘယ် | ၂ |
| ၄။ | ဦးဖိုးတွက် | ၂ | ၃၆။ | ဦးထွန်းလင်း | ၂ |
| ၅။ | ဒေါ်သိန်းမိ | ၂ | ၃၇။ | ဦးကြည်ရွှေ | ၂ |
| ၆။ | ဦးမောင်လှိုင် | ၂ | ၃၈။ | ဦးအောင်သာ | ၂ |
| ၇။ | ဦးကျော်ဝင်း | ၂ | ၃၉။ | ဦးတင်ဖင်း | ၃ |
| ၈။ | ဦးဆိုးဦး | ၃ | ၄၀။ | ဒေါ်ငယ် | ၄ |
| ၉။ | ဦးခိုင်ဝင်းထွန်း | ၃ | ၄၁။ | ဦးဇော်ဦး | ၄ |
| ၁၀။ | ဒေါ်ဆင်ဝင်းရီ | ၂ | ၄၂။ | ဦးသာအောင် | ၃ |
| ၁၁။ | ဦးဇော်ထူး | ၄ | ၄၃။ | ဒေါ်ဝင်းကြည် | ၃ |
| ၁၂။ | ဒေါ်သိန်းရီ | ၄ | ၄၄။ | ဦးလှမျိုးနိုင် | ၃ |
| ၁၃။ | ဦးဖိုးဇော် | ၂ | ၄၅။ | ဦးဇော်ဇော်အောင် | ၄ |
| ၁၄။ | ဦးမင်း | ၃ | ၄၆။ | ဦးစိုးထင် | ၃ |
| ၁၅။ | ဦးစိုးမင်း | ၃ | ၄၇။ | ဦးနေဝင်း | ၃ |
| ၁၆။ | ဦးမောင်လေး | ၂ | ၄၈။ | ဒေါ်တင်လှ | ၄ |
| ၁၇။ | ဦးဇော်သင်း | ၃ | ၄၉။ | ဦးအောင်မျိုးနိုင် | ၃ |
| ၁၈။ | ဦးထွန်းနိုင် | ၃ | ၅၀။ | ဒေါ်ကြင်မြ | ၂ |
| ၁၉။ | ဦးအောင်ဝင်း | ၃ | ၅၁။ | ဦးသောင်းလင်း | ၂ |
| ၂၀။ | ဦးချို | ၃ | ၅၂။ | ဦးမြသိမ်း | ၃ |
| ၂၁။ | ဒေါ်ခင်ရွှေ | ၄ | ၅၃။ | ဦးကျော်ဦး | ၄ |
| ၂၂။ | ဦးဖြူသောင်း | ၃ | ၅၄။ | ဒေါ်မကြည် | ၄ |
| ၂၃။ | ဦးဇော်ကြီး | ၃ | ၅၅။ | ဦးမြင့်အောင် | ၃ |
| ၂၄။ | ဦးမျိုးကျော်ထက် | ၃ | ၅၆။ | ဦးခင်မောင်တင့် | ၄ |
| ၂၅။ | ဦးဇော်နိုင်ဝင်း | ၃ | ၅၇။ | ဦးကျော်ဝင်း | ၃ |
| ၂၆။ | ဦးဝင်းဇော် | ၃ | ၅၈။ | ဦးမျိုးမင်းကို | ၄ |
| ၂၇။ | ဦးဝင်းဇော်ဦး | ၄ | ၅၉။ | ဦးလင်းမျိုးဦး | ၄ |
| ၂၈။ | ဒေါ်ခင်ရီ | ၃ | ၆၀။ | ဦးအောင်မျိုးနိုင် | ၂ |
| ၂၉။ | ဦးကျော်ရွှေ | ၃ | ၆၁။ | ဦးဇော်လင်းမောင် | ၂ |
| ၃၀။ | ဦးဝင်းအောင် | ၂ | ၆၂။ | ဦးကျော်လင်းအောင် | ၂ |
| ၃၁။ | ဒေါ်ခင်တီ | ၃ | ၆၃။ | ဦးဖြိုးကိုထက် | ၄ |
| ၃၂။ | ဦးစိုးနိုင် | ၃ | ၆၄။ | ဒေါ်တင်မာရီ | ၄ |

Date : ____/____/____

| | | |
|---|---|---|
| ၆၅။ | ဦးဖိုးလင်း | ၃ |
| ၆၆။ | ဒေါ်မြင့်မာဦး | ၃ |
| ၆၇။ | ဦးခိုင်ရိုး | ၄ |
| ၆၈။ | ဦးမြဝင်း | ၄ |
| ၆၉။ | ဦးဖိုးကျော် | ၄ |
| ၇၀။ | ဦးချစ်ကို | ၄ |

APOLO

မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဦးနှောင်းကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး/တာဝန် | အဖအမည် | မှတ်ပုံတင်အမှတ် | အသက် | ကော်မတီ ဖွဲ့စည်းသည့် ရက်စွဲ | စာရင်းရှင် ဖွင့်လှစ်သည့် ရက်စွဲ | စာရင်းရှင် အမှတ် | ဖုန်းနံပါတ် | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးအောင်မျိုးနိုင် | ဥက္ကဋ္ဌ | | ၅/မမတ(နိုင်) ၀၆၄၂၀၅ | | ၃၁.၁၀.၂၀၂၁ | ၂.၁၂.၂၀၂၁ | F-217 | | |
| ၂ | ဦးစိုးဝင်း | အတွင်းရေးမှူး | | ၅/မမတ(နိုင်) ၀၆၅၅၉၄ | | | | | | |
| ၃ | ဦးဇော်သင်း | ဝယ်ယူရေးကော်မတီဥက္ကဋ္ဌ | | ၅/မမတ(နိုင်) ၀၇၀၉၁၃ | | | | | | |
| ၄ | ဒေါ်အိမွန်သိမ့် | ဘဏ္ဍာရေးမှူး | | | | | | | | |
| ၅ | ဒေါ်သန္တာစိုး | စာရင်းကိုင် | | | | | | | | |
| ၆ | ဦးငွေဇင် | အဖွဲ့ဝင် | | | | | | | | |
| ၇ | ဦးထွန်းနိုင် | အဖွဲ့ဝင် | | | | | | | | |